# သာမန်ကာလ (၂၆)ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်လုကာ ၁၆း၁၉-၃၀

ကျနော်တို့ မြန်မာနိုင်ငံမှာတော့ အခု တနင်္ဂနွေနေ့က မူရင်းကျမ်းစာတွေကို လတ်တင်းဘာသာနဲ့ ဘာသာပြန်ရေးတဲ့ စိန်ဂျေရုမ်းရဲ့ပွဲနဲ့ အနီးဆုံးတနင်္ဂနွေဖြစ်လို့ Bible Sunday ကျမ်းစာတော်မြတ်တနင်္ဂနွေနေ့အဖြစ် ကျင်းပစေပါတယ်။ စက်ာပူနဲ့ မလေးရှားမှာတော့ ဒီနေ့ တနင်္ဂနွေနေ့ကို Migrant Sunday ရွှေ့ပြောင်းနေထိုင်သူများ/မိမိအိမ်ကို စွန့်ခွါနေထိုင်ရသူများရဲ့ တနင်္ဂနွေနေ့အဖြစ် ကျင်းပကြပါတယ်။ နေရာတော်တော်များများမှာ မိမိနေရပ်စွန့်ခွါပြီး စစ်ဘေးရှောင်၊ ငလျင်ဘေးရှောင် ဒုက္ခသည်တွေ ကျနော်တို့ ပတ်ဝန်းကျင်မှာ ရှိနေပါတယ်။

ယနေ့ ဘုန်းကြီးဖတ်သွားတဲ့ ရှင်လုကာ ဧဝံဂေလိကျမ်းစာမှာ သူဌေးကြီးနဲ့ သူတောင်းစား လာဇရုအကြောင်း ကြားနာရပါတယ်။ သူဌေးကြီးက ဘာကြောင့် ငရဲရောက်ရတာလဲ။ ကူညီသင့်တဲ့လူကို မကူညီလို့ပဲ ဖြစ်ပါတယ်။ ချမ်းသာလို့ ငရဲကျတာ မဟုတ်ဘူး၊ ဇိမ်ကျကျနေလို့ ငရဲကျတာ မဟုတ်ဘူး။ သူ့အိမ်ရှေ့က သူမြင်နေတဲ့သူတောင်းစားကို မကူညီဘူး။ အဲဒီသူတောင်းစားကို ထမင်းကျွေးလိုက်လို့ သူဌေးကြီး ဆင်းရဲသွားမှာမို့လို့လား။ တော်တော်နေနိုင်တဲ့သူဌေးကြီးပဲ။ "သူတောင်းစား သူ့ဟာသူ ဆင်းရဲတာ ငါနဲ့ ဘာဆိုင်လဲ၊ ငါလုပ်တာမှ မဟုတ်တာ၊ ငါက အနေသာကြီးပဲ" လို့ သူ ယူဆလို့ ဖြစ်မှာပေါ့။

ယနေ့ဖတ်ရတဲ့ ပထမကျမ်းစာ ပရောဖက် အာမုတ် ရေးထားတာက "ဇီအုန်မြို့မှာတော့ ကိုယ့်အီဇရာအဲလ်လူတွေ သက်တောင့်သက်သာနဲ့ ဇိမ်ကျနေလိုက်ကြတာ။ စားကောင်းသောက်ကောင်းတွေနဲ့၊ တေးသံသာ ဖျော်ဖြေရေးတွေနဲ့ ကိုယ့်ကိုယ်ကို အလှအပချယ်သပြီးနေ နေလိုက်ကြတာ၊ ကိုယ့်လူမျိုး အီဇရာအဲလ်လူတွေရဲ့မြောက်ပိုင်းဒေသ ဂျိုးဇက်ရဲ့ ပျက်စီးဆုံးရှုံးမှုအတွက် ဝမ်းမနည်းကြဘူး။" (အီဇရာအဲလ်ပြည်ရဲ့မြောက်ပိုင်းကို ဂျိုးဇက်လို့ ခေါ်ကြတယ်။) အဲလို ကိုယ့်နယ်မြေ ပါသွားတာကိုတောင် ကျန်ဒေသက ဘာမှ ဝမ်းမနည်းကြဘူး၊ ငါတို့နဲ့ အနေသာကြီးပဲဆိုပြီး လစ်လျူရှုထားကြတယ်၊ အပျော်အပါး မပျက်ဘူး။

ကျနော်တို့လည်း သူတစ်ပါး ဒုက္ခရောက်တာ၊ စစ်ဘေးရှောင်အနေနဲ့ ရောက်လာတာကို "ငါနဲ့ ဘာဆိုင်လဲ၊ အနေသာကြီးပဲ" လို့ ထင်ရင်တော့ သင်ဟာ ယေဇူးဘုရားရှင် ယနေ့မိန့်တော်တဲ့ ဥပမာပုံပြင်ထဲက သူဌေးကြီးလိုပဲ ငရဲမှာ နိဂုံးချုပ်ရပါလိမ့်မယ်။

ဆင်းရဲလို့ပဲဖြစ်ဖြစ်၊ ကိုယ့်ဒေသမှာ နေမဖြစ်တော့လို့ပဲဖြစ်ဖြစ်၊ ကိုယ့်အိမ်ကို စွန့်ခွါလာခဲ့ကြတဲ့ ဒုက္ခကို စဉ်းစားကြည့်ပါ။ သူတို့ ချစ်ခင်ရတဲ့သူတွေနဲ့ ဝေးရပြီ။ သူ့ကိုယ်ပိုင် ဘာပစ္စည်းများ များများစားစား သယ်ယူနိုင်ခဲ့လို့လဲ။ တစ်ချို့များ အဝတ်တစ်ထည်၊ ကိုယ်တစ်ခုနဲ့ ထွက်ပြေးလာခဲ့ရတာ။ ဘယ်လို အသက်ဆက်ရတော့မလဲ။ သူတို့ဘဝ ဆက်ပြီး လုံခြုံပါ့မလား၊ မသေချာ။ ရောင်းစားခံရမှာ၊ ရရာအလုပ် ဝင်လုပ်ရင်းနဲ့ ခေါင်းပုံဖြတ်ခံရမှာ(မလုပ်လို့လဲ ငတ်သေရုံ ရှိတော့တာဘဲ) ။ ရောက်ရာအရပ်ကလူတွေက ကြည်ဖြူပါ့မလား၊ ငါတို့ စစ်ဘေးရှောင်တွေ ရောက်လာလို့ အခုလို လူနေထူထပ်သွားပြီ၊ စားစရာတွေ ရှားသွားပြီ၊ အလုပ်လည်း ရှားသွားပြီ

လို့ သူတို့က ညီးငြူနေကြမလားပဲ။

ရှင်မာတေဦးကျမ်း ၂၅ မှာ ယေဇူးဘုရားရှင်က "ငါသည် တစ်စိမ်းဧည့်သည်ဖြစ်သောအခါ သင်တို့သည် ငါ့ကို ပျူငှါစွာ ကြိုဆိုကြ၏။ ငါ ဖျားနာတဲ့အခါ/ ငါ စားစရာမရှိတဲ့အခါ ငါ့ကို ကူညီကြ၏" လို့ မိန့်တော်မူထားပါတယ်။ ဒါကြောင့် ကိုယ့်အိမ်စွန့်ခွါလာသူတွေရဲ့ဒုက္ခကို ကျနော်တို့ အနေနဲ့ လစ်လျူရှုမနေနိုင်ဘူး။ သူတို့ကို မကူညီပဲနေရင် ကျနော်တို့မှာ အပြစ်မကင်းဘူး၊ ဥပမာပုံပြင်ထဲက သူဌေးကြီးကို ကြည့်ပါ့လား။ သူဌေးကြီး ငရဲကျတယ်ဆိုတာ ပုံပြင်သက်သက် မဟုတ်ဘူးနော်။ ယေဇူးဘုရားရှင်ကိုယ်တိုင် မိန့်တော်မူထားတာ၊ ဘုရားကိုယ်တိုင် မိန့်တော်မူထားတာက ပုံပြင်အဖြစ်သက်သက်မဟုတ်ဘူး၊ တကယ့်ကို ခရစ်ယာန်ဝါဒ၊ လူ့ကျင့်ဝတ် ဖြစ်တယ်။ သင် ဘယ်ဘာသာပဲကိုးကွယ်ကိုးကွယ် သူ့ဩတ္တပ္ပစိတ်အတိုင်း ဘုရားက တရားစီရင်မှာပဲ။ ယေဇူးဘုရားရှင်ကိုယ်တော်တိုင်လည်း သူတစ်ပါးတိုင်းပြည်၊ ပြည်ပကို ထွက်ပြေးခဲ့ရတယ်မဟုတ်လား။

ကျနော်တို့က ဘုရားရဲ့လူတွေဖြစ်တယ်။ အကျင့်သီလပါရမီတွေ ကျင့်ဆောက်တည်စရာလိုတယ်။ တချို့က ဒုက္ခရောက်လာတဲ့သူတွေကို မကြည်ဖြူချင်ကြဘူး။ ဘာပါရမီမှမရှိတဲ့ခရစ်ယာန်တွေပါပဲ။ တချို့ဒုက္ခသည်တွေက ဘုန်းကြီးကျောင်း၊ Sister ကျောင်းတွေမှာ လာခိုလုံရင် တချို့ ဘုန်းကြီး Sister တွေက စည်းကြီးကမ်းကြီးတွေ အမျိုးမျိုးထားကြ၊ ငေါက်ငမ်းကြ၊ တန်အောင် ခိုင်းကြနဲ့ ရှက်စရာတောင် ကောင်းပါသေးတယ်။ "အလုပ်မလုပ်ရင် ထမင်းမကျွေးဘူး" လို့ ငေါက်တဲ့ sister တောင် ကြားဖူးသေးတယ်။ ဒါကြောင့် ဘေးဒုက္ခရောက်နေတဲ့သူတွေက ခရစ်ယာန်ကျောင်းကို မသွားချင်ကြဘူး၊ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းကိုပဲ သွားချင်ကြတာပါ။ ကျနော်တို့ ပါရမီတွေ ကျင့်ကြံစရာ အများကြီးလိုပါသေးတယ်။ ဘာပါရမီတွေလဲ။ ရှင်ပေါလူး ပြောတဲ့ပါရမီတွေပေါ့၊ နားထောင်ကြည့်။

ယနေ့ဖတ်သွားတဲ့ ဒုတိယကျမ်းမှာ ရှင်ပေါလူးက "အိုဘုရား၏လူ၊ သင်မူကား ဖြောင့်မတ်ခြင်း၊ ဘုရားတရားကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခြင်းမေတ္တာ၊ သည်းခံခြင်း၊ နူးညံ့သိမ်မွေ့ခြင်းစသည်တို့ကို ရည်မှန်း၍ ကျင့်ကြံပါလေ့။ ယုံကြည်ခြင်းအတွက် ကောင်းသောတိုက်ပွဲကို ဆင်နွှဲ၍ ထာဝရအသက်ကို ရယူပါလေ့။"

ဒီလို ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ ဒုက္ခသည်တွေကို ကြည့်ရှုတာက ခရစ်တော်ကို သက်သေခံရာရောက်ပါတယ်။ ပါရမီတွေ ကျင့်ကြံရာရောက်ပါတယ်။ သူတောင်းစား လာဇရုးက ကောင်းကင်ဘုံရောက်ပြီး သူဌေးကြီးက ငရဲရောက်တဲ့အခါ သူဌေးကြီးက လောကမှာ အသက်ရှင်ကျန်ရစ်နေကြတဲ့ သူ့ညီ ငါးယောက်ဆီကိုလည်း လာဇလူးကို စေလွှတ်ပြီး ဟောပြောသက်သေခံခိုင်းပေးပါလို့ အကူညီတောင်းပါတယ်။ ဒါပေမဲ့ အာဗြဟံက "လာဇလူး သွားစရာမလိုပါဘူး တဲ့။ ခင်ဗျားညီ ငါးယောက်ကို တရားဟောပြောပေးမည့် တရားဟောသူတွေ ရှိပါတယ် တဲ့။ ဒါပေမဲ့ သူဌေးကြီးရဲ့အကြံအစည်က သူတောင်းစား လာဇရုး သေသွားတာကို သိကြတဲ့ သူ့ညီ ငါးယောက်က အခု သူတောင်းစား လာဇရုး သေရာမှပြန်ရှင်လာတာကို တအံ့တဩဖြစ်ပြီး ဘုရားကို ယုံကြည်လာကြမယ်လို့ ထင်လို့ လာဇလူးကိုယ်တိုင်ကို စေလွှတ်ပေးစေချင်တာပါ။ ဒါပေမဲ့ အာဗြဟံက "မထင်နဲ့ မထင်နဲ့" တဲ့။ တရားဟောသူတွေ

ဟောပြောတာကို တောင် နားမထောင်ချင်တဲ့သူတွေက အခု သူတောင်းစား သေရာမှပြန်ရှင်လာတာကိုလည်း ယုံမှာမဟုတ်ပါဘူးကွာ” တဲ့။ အာဗြဟံပြန်ပြောတာကို သူဌေးကြီးက သဘောတူချင်မှာ မဟုတ်ပါဘူး။ လောကမှာ တရားဟောဆရာတွေ ဒီလောက်ပေါတာကိုတောင် နားမထောင်ချင်တဲ့လူက သေရာမှပြန်ရှင်လာတာကိုလည်း ယုံမှာ မဟုတ်ဘူး တဲ့။ အဲဒါ သဘောတူကြလား။ ကျနော်ကတော့ သိတ်သဘောတူတယ်။ အာဗြဟံပြောတာကို သဘောတူတယ်။ သေတဲ့လူက ပြန်ရှင်တဲ့တန်ခိုးကို သူတို့ မြင်ရင်လည်း ပြောင်းလဲမှာ မဟုတ်ဘူးတဲ့။ မှန်တယ်လေ။ အခု ကြည့်ပါလား ထူးဆန်းတဲ့တန်ခိုးတွေ ကျနော်တို့ ဘေးမှာ ရှိနေတာပဲ ဥပမာ ဒဏ်ရာတော် ငါးချက်ရတဲ့ ဖါသာရ် ပီးအို သူ့အလောင်းက နှစ်ပေါင်းများစွာကြာပြီ ပုပ်ဆွေးမသွားဘူး၊ ဒါတွေ လက်တွေ့မြင်နေသားပဲ ဒါပေမဲ့ ဘယ်သူပြောင်းလဲလို့လဲ။ ဟိုတနေ့က ရဟန္တာတင်မြှောက်လိုက်တဲ့ အသက် ၂၀ သာရှိသေးတဲ့လူငယ် ရဟန္တာ ကားလို့စ် သူ့အလောင်းက ပုပ်မသွားဘူး၊ တစ်ကမ္ဘာလုံး မြင်တာပဲ။ ဒါပေမဲ့ ဘယ်သူပြောင်းလဲလာလို့လဲ။ ဒီလိုပဲ သူဌေးကြီးရဲ့ညီ ငါးယောက်ကလည်း သေရာမှပြန်ရှင်လာတဲ့သူတောင်းစားကို မြင်ပြီး ပြောင်းလဲလာမယ်ထင်သလား။

ကျနော်တော့ “မထင်”

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။